## (၈) သေနာသနဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ....ကျောင်းကိုရင်း, အိပ်ရာ နေရာကိုရင်း "သေနာသန"ဟု ခေါ်၏။ [သေန=အိပ်ရာ+အာသန= နေရာ။] ရဟန်း သာမဏေတို့သည် မိမိနေရာ ကျောင်းနှင့် အိပ်ရာ နေရာများကို သန့်ရှင်းအောင် သုတ်သင် ရှင်းလင်း ကြရသည်။ ထို့ကြောင့်——

(၁) ညောင်စောင်းအင်းပျဉ်ဟု ရှေးက ခေါ်ရသော ခုတင် ထိုင်ခုံ စားပွဲ ကုလားထိုင် စသည်တို့ကို ဖုံသုတ်မှု, တခါ တခါ နေလှန်းမှု စသည်ကို ပြုရသည်။

(၂) ကျောင်းပရဝိုင်းဟုခေါ်သော ကျောင်းဝိုင်း တိုက်ဝိုင်း ကိုရင်း, ရေချိုးအိမ် ကျင်ငယ်အိမ် ကျင်ကြီးအိမ် စသည်ကိုရင်း အမှိုက်ရှိလျှင် တံမြက်လှည်းရသည်၊ မြေပြင်ဝယ် တံမြက်လှည်းသောအခါ၌ ဖုံမထအောင် ရေဖျန်း၍ လှည်းရသည်။ [တံမြက်လှည်း၍ ဖုံထ လျှင် ထို ဖုံတွေသည် ကျောင်း အ တွင်း၌ရင်း ကျောင်းအပြင် နံရံ စသည်၌ရင်း ငြိကပ်မည်စိုးသော ကြောင့် ရေဖျန်း၍ လှည်းဘို့ရန် ပညတ်တော် မူသည်။]

(၃) ကျောင်းခန်းအတွင်းကို ရှင်းလင်းသောအခါ မသုတ် သင်မီ အတွင်းမှာရှိသော သပိတ်,သင်္ကန်း,ခေါင်းအုံး, စောင်, ခုတင်, စားပွဲ, ကုလားထိုင် စသော အသုံး အဆောင် အားလုံးကို အပြင်သို့ ထုတ်၍ သင့်တော် သော နေရာ၌ ထားရသည်၊ ထိုသို့ အသုံးအဆောင် အားလုံးကို အပြင်သို့ ထုတ်ပြီးမှ ပင့်ကူမျှင် ရှိလျှင်